**ကာဖရ်**

အမှန်ကိုသိ

ဂုဏ်သိက္ခာကို ထိမှာစိုး

နည်းအမျိုးမျိုးနဲ့ ဖုံးဖိ-

အဘိဓာန်မှာ- ကာဖရ်လို့ ဆိုတယ်။

ပြောပြ- လမ်းပြ- ဖြောင့်ဖြမရ

သူ့အစွဲကို သူကျောက်စူးချ-

ထိုင်ရာက မထသူကို-

ကုရ်အံမှာ- ကာဖိရ်လို့ ခေါ်တယ်-(၂း၆)။

ကာဖရ်ဆိုတဲ့ သံသယ

ငါမှအပ- သူများတွေအပေါ် မျက်လုံးကျ

ထိုးချနေလိုက်တာ--။

ငါသိတဲ့ အမှန်

ဉာဏ်စဉ်မေ့မှုကုရ်အံ-

အခြားသူများအတွက် ဘယ်နှစ်ကြိမ်များ ပြန်အံဘူးသလဲ။

ငါမသိသေးတဲ့မေ့မှု

ကုရ်အံထဲကထောက်ပြ- ငါ ဘယ်နှစ်ခါများ နာခံဘူးသလဲ။

ငါသိသမျှ- သုတ၊ ဆရာစဉ်ဂါဒမှာ နားကျ

အားနဲ့အင်နဲ့ ကုရ်အံကို အာခံနေလိုက်တာ-။

ဩော်-၊ ငါ့ကိုယ်ငါတော့ ကာဖရ်လို့ မသတ်မှတ်မိပါလား။

ဌေးလွင်ဦး